NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# အကြမ်းဖက် စစ်အုပ်စု၏ အတုအယောင် ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုအပေါ် သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ မေလ (၇) ရက်

၁။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ကို စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်ဟူသမျှ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး ရည်မှန်းချက်များအတွက် ဖွဲ့စည်းခဲ့ပြီး NUCC ၏ ရှေ့ဆောင်မှုဖြင့် ပထမအကြိမ် ပြည်သူ့ညီလာခံ အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ သမိုင်းဝင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ ပါသည်။

၂။ ပထမအကြိမ် ပြည်သူ့ညီလာခံတွင် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ အဖွဲ့ဝင် အစုအဖွဲ့များက ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို အတူတကွ ကတိကဝတ်ပြု သန္နိဋ္ဌာန်ချ၍ လက် တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် သဘောတူအတည်ပြုခြင်း အပါအဝင် ဆုံးဖြတ် ချက် ၇ ခုအား အတည်ပြုနိုင်ခဲ့ပါသည်။

၃။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၏ ရည်မှန်းချက်များအရ အကောင်အထည်ဖော် မည့် လုပ်ငန်းများသည် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ နှစ်ပေါင်း ၇၀ ကျော်ကြာ အစဉ် တစိုက် ကြိုးပမ်း အကောင်အထည်ဖော်ခဲ့သည့် အမျိုးသားတန်းတူရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ပါ သည်။ ထို့ကြောင့် စစ်အုပ်စု၏ အာဏာသိမ်းယူမှုကြောင့် ပျက်စီးသွားပြီဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို တရားဝင်မှုရှိသယောင် ပြန်လည် အသက်သွင်းသည့် မည်သည့်လှုပ်ရှားမှုကိုမဆို ဆန့်ကျင်ပါသည်။

၄။ စစ်တပ်ပိုင် ဝါဒဖြန့်မီဒီယာများကတဆင့် ဧပြီလ ၂၂ ရက်နေ့တွင် ဖိတ်ခေါ်ခဲ့သည့် အကြမ်းဖက် စစ်အာဏာရှင် မင်းအောင်လှိုင်၏ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များ ကို ကိုယ်တိုင် တွေ့ဆုံဆွေးနွေးလိုကြောင်း ဖိတ်ခေါ်မှုသည် နိုင်ငံရေး၊ စစ်ရေးအပါအဝင် အဘက်ဘက် က အကြပ်အတည်းဆိုက်ပြီး ဆက်လက်ရပ်တည်ရန် ခက်ခဲလာနေသော စစ်အုပ်စု၏ ငြိမ်းချမ်းရေး အကြောင်းပြ ဆွေးနွေးပွဲ ဖိတ်ခေါ်ချက်သာဖြစ်ပြီး အတုအယောင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများဖြင့် ၎င်းကြုံတွေ့နေရသည့် နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးနှင့်စီးပွားရေး အခက်အခဲများကို ယာယီ ဖြေရှင်းရန် ကြိုးစားခြင်းပင် ဖြစ်ပါသည်။

၅။ တိုင်းရင်းသား ပြည်သူလူထုအား ခေတ်အဆက်ဆက်က ပစ်မှတ်ထားတိုက်ခိုက်နေသည့် စစ်အုပ်စုသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရန် တရားဝင်မှု မရှိဘဲ ၂၀၁၀ ပြည့်နှစ် မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများ မအောင်မြင်စေရန်နှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဘောင်မကျော်စေရန် နည်းမျိုးစုံဖြင့် ဟန့်တားပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ၎င်းတို့ ကိုယ်တိုင် စိတ်ကြိုက်ရေးဆွဲခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ဖြစ်ပေါ်လာသည့် အစိုးရထံမှ အာဏာသိမ်းယူခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးကို အမှန်တကယ် မလိုလား ကြောင်း ပြသခဲ့ပြီး ဖြစ်သည်။

၆။ အကြမ်းဖက် စစ်အာဏာရှင် မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးကမ်းလှမ်းမှုကို ယခု သဘောထားကြေညာချက် ထုတ်ပြန်သည့် အချိန်အထိ ပြတ်ပြတ်သားသား ငြင်းပယ်ခဲ့ကြသည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများအား အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီက လေးစား အသိအမှတ်ပြု မှတ်တမ်းတင်ပါသည်။

၇။ သို့ဖြစ်ပါ၍ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြန်လည် အသက်သွင်းမည့် စစ်အုပ်စု၏ အတုအယောင် ငြိမ်းချမ်းရေးဖိတ်ခေါ်ချက်သည် တရားဝင်မှုမရှိပါကြောင်း၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီအနေဖြင့် ရှုတ်ချပါကြောင်းနှင့် နိုင်ငံရေးအင်အားစုများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ပြည်သူ့ခုခံတော်လှန်ရေးအင်အားစုအားလုံး အနေဖြင့်လည်း ပြည်သူနှင့် တသားတည်း ဆက်လက်ရပ်တည်ကာ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်ဟူသမျှ ချုပ်ငြိမ်းရေးအတွက် မိမိတို့ ကျရာကဏ္ဍမှ ဆောင်ရွက်ကြပါရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

ဆက်သွယ်ရန် - office@nucc-federal.org